

FORTIFY RIGHTS

# “ကျွန်ုပ် အချိန်မရွေး အသတ်ခံရနိုင်တယ်”

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာ ဒုက္ခသည်များအပေါ် ရိုဟင်ဂျာ လက်နက်ကိုင်အဖွဲ့များ၏ သတ်ဖြတ်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားပြင်းထန်သော ချိုးဖောက်မှုများ

investigate
engage
strengthen

မတ်လ
၂၀၂၃ ခုနှစ်

# “ကျွန်ုပ် အချိန်မရွေး အသတ်ခံရနိုင်တယ်”

## ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာ ဒုက္ခသည်များအပေါ် ရိုဟင်ဂျာ လက်နက်ကိုင်အဖွဲ့များ၏ သတ်ဖြတ်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားပြင်းထန်သော ချိုးဖောက်မှုများ

**Cover:**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားခရိုင် ဒုက္ခသည်စခန်းများတွင် ရိုဟင်ဂျာ လက်နက်ကိုင်များ၏ ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်ခဲ့ရသည့် ရိုဟင်ဂျာ အမျိုးသမီးတစ်ဦး။ ©Saiful Huq Omi, Counter Foto, 2024

FORTIFY RIGHTS

Fortify Rights သည် လူမှုအသိုင်းအဝိုင်းများ အားလုံး အတွက် လူ့အခွင့်အရေးများ ရရှိစေရန် ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့သည် လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးပြီး၊ အပြောင်းအလဲပြုလုပ်ရန် အခွင့်အာဏာရှိသူများနှင့် ပူးပေါင်းကာ အဖြေရှာပြီး လူ့အခွင့်အရေးကာကွယ်သူများကို ပံ့ပိုးကူညီပေးပါသည်။ ကျွန်ုပ်တို့သည် အထောက်အထားများအပေါ် အခြေပြုသည့် ရှာဖွေတွေ့ရှိမှုများ၏ အကျိုးသက်ရောက်မှု၊ အမှန်တရားအတွက် မဟာဗျူဟာကျသော ပြောဆိုဆွေးနွေးခြင်း၏ စွမ်းအားနှင့် ပြောင်းလဲမှုများအတွက် တွန်းအားပေးဆောင်ရွက်နေသော လူပုဂ္ဂိုလ်များ၊ အသိုင်းအဝိုင်းများ၊ လှုပ်ရှားမှုများနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ခြင်းတို့၏ အရေးပါမှုကို ယုံကြည်ပါသည်။ Fortify Rights သည် အမေရိကန်နှင့် ဆွစ်ဇာလန်နိုင်ငံတို့တွင် မှတ်ပုံတင်ထားသော လွတ်လပ်သည့် အများအကျိုးပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

# မာတိကာ


အကျဉ်းချုပ် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . 8
နည်းလမ်းဆိုင်ရာ စည်းစနစ် လုပ်ဆောင်ချက်များ . . . . . . . . . . . . . . . . 17



၂၀၂၂ ခုနှစ် အောက်တိုဘာလ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားခရိုင်တွင် အာရ်ကန် ရိုဟင်ဂျာ ကယ်တင်ရေး တပ်မတော် (ARSA) မှ ရိုက်နှက်ခြင်း၊ ဓားဖြင့်ထိုးခြင်း၊ သေနတ်ဖြင့် ပစ်သတ်ခြင်းကို ခံခဲ့ရသည့် ရိုဟင်ဂျာအမျိုးသားတစ်ဦး၏ ဇနီးမယား။ အဆိုပါအဖွဲ့က သူမ၏ ခင်ပွန်းဖြစ်သူကို သတ်ခဲ့ပြီးနောက်တွင် သူမ၏ အသက်ကိုလည်း ခြိမ်းခြောက်ခဲ့သည်။ ©Saiful Huq Omi, Counter Foto, 2024



သားဖြစ်သူကို ARSA မှ
ဆယ်ရက်ကြာ ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို
ကြုံတွေ့ခဲ့ရသည့် ရိုဟင်ဂျာ လင်မယားနှစ်ဦး။
ARSA အဖွဲ့ဝင်များသည် ၎င်းအမျိုးသမီးကို
တုတ်ဖြင့်ရိုက်နှက်ခဲ့၍ သူမ၏ ပခုံးနှင့်
ခြေထောက်တို့ကျိုးသွားခဲ့သည်။
©Saiful Huq Omi, Counter Foto, 2024



ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားခရိုင် ဒုက္ခသည်စခန်းတွင် ရိုဟင်ဂျာ လက်နက်ကိုင်များ၏ ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်ခဲ့ရသည့် ရိုဟင်ဂျာ အမျိုးသား သုံးဦး။ ©Saiful Huq Omi, Counter Foto, 2024

# အကျဉ်းချုပ်

ရိုဟင်ဂျာလူမျိုးများသည် မြန်မာနိုင်ငံတွင် လက်ရှိ နိုင်ငံတကာက သတ်မှတ်ထားသည့် လူမျိုးတုံးသတ်ဖြတ်မှုမှ လွတ်မြောက်လာသူများဖြစ်ပြီး စစ်ပွဲကြားတွင် စစ်ဘေးဒဏ်သင့်သူများဖြစ်သည်။ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ခိုလှုံနေသည့် ရိုဟင်ဂျာ ဒုက္ခသည် တစ်သန်းကျော်သည် ယခုအခါ ဘင်္ဂလားဒေ့ရှ် နိုင်ငံရှိ ဒုက္ခသည် စခန်းများတွင် စိုးမိုးထားသည့် လက်နက်ကိုင် အဖွဲ့များ၏ ခြိမ်းခြောက်မှုနှင့် တရားလက်လွတ် တိုက်ခိုက်မှုများကိုပါ ထပ်မံ ရင်ဆိုင်နေရသည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံရှိ ဒုက္ခသည် စခန်းများတွင် ရိုဟင်ဂျာ ဦးဆောင်သော လက်နက်ကိုင် အဖွဲ့ များသည် ရိုဟင်ဂျာ ဒုက္ခသည်များအပေါ် ခြိမ်းခြောက်ခြင်း၊ ပြန်ပေးဆွဲခြင်းနှင့် ညှဉ်းပန်း နှိပ်စက်ခြင်းများ ပိုမိုလုပ်ဆောင်လာပြီး ဥပဒေမဲ့ သတ်ဖြတ်သည်ထိပါ လုပ်ဆောင်လာကြသည်။ ဒုက္ခသည်စခန်းများ နှင့် မလုံခြုံသော နယ်စပ်ဒေသရှိ ယိုယွင်းနေသော အခြေအနေများက အဆိုပါ လက်နက်ကိုင်အဖွဲ့များ လူသစ်ပိုမို စုဆောင်းလာနိုင်စေရန်၊ အင်အားကောင်းလာစေရန်နှင့် ညှဉ်းပန်းမှုများ ဆက်လက်ကျူးလွန်နိုင်စေရန် အခြေအနေပေးလျက်ရှိသည်။

ယခု ဖြုတ်ချခံလိုက်ရသော ဝန်ကြီးချုပ်ဟောင်း ရှိတ်ဟာဆီနာ (Sheikh Hasina) အစိုးရလက်ထက်တွင် ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များသည် အဆိုပါ ကြမ်းကြုတ်သည့် အုပ်စုများထံမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံရှိ ရိုဟင်ဂျာ ဒုက္ခသည်များကို အကာအကွယ် မပေးနိုင်ခဲ့ပုံကို ယခု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဟာဆီနာသည် ဘင်္ဂလားဒေ့ရှ်ကို ၁၅ နှစ်ကြာ တင်းတင်းကျပ်ကျပ် အုပ်ချုပ်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် ကျောင်းသားများဦးဆောင်သော လပေါင်းများစွာကြာသည့် အသက်လူရာပေါင်းများစွာ ဆုံးရှုံးစေခဲ့သည့် ဆန္ဒပြပွဲများကြောင့် သူမ၏ အရှိန်အဟုန်ကောင်းနေသော အာဏာရှင်အစိုးရအဖွဲ့သည် ရုတ်တရက် သိသာထင်ရှားစွာ ပြိုလဲပျက်ဆီးသွားခဲ့ရသည်။ လက်နက်ကိုင်အုပ်စုများ အလယ်တွင် နေထိုင် ရှင်သန်နေထိုင်ရပြီး စော်ကားမှုများနှင့် ခြိမ်းခြောက်မှုများကို ရင်ဆိုင်နေရသော ရိုဟင်ဂျာ ဒုက္ခသည်များအား ဟာဆီနာ၏ အစိုးရအဖွဲ့သည် နှစ်ပေါင်းများစွာကြာအောင် လျစ်လျူရှုခဲ့သည်။

၂၀၂၄ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့တွင် ဟာဆီနာသည် ရာထူးမှဖြုတ်ချခံရပြီး အိန္ဒိယသို့ ရှောင်ပြေးပြီးနောက်၊ ဆန္ဒပြ ဘင်္ဂလားဒေ့ရှ် ကျောင်းသားများသည် နိုဗယ်ဆုရှင် မူဟာမတ် ယူနွတ်စ် (Muhammad Yunus) အား အသွင်ကူးပြောင်းရေး အစိုးရအဖွဲ့ကို ဦးဆောင်ရန်တောင်းဆိုခဲ့ပြီး မူဟာမတ် ယူနွတ်စ် မှလက်ခံခဲ့သည်။ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ယာယီအစိုးရသစ်၏ အကြံပေးအရာရှိချုပ် ဒေါက်တာ ယူနွတ်စ်သည် ဘင်္ဂလားဒေ့ရှ် သမ္မတထံ ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ဒေါက်တာ ယူနွတ်စ်က အကြံပေးအရာရှိချုပ် ရာထူးကို လက်ခံရာတွင် ဆန္ဒပြကျောင်းသားများ၏ ပိုမိုသာယာဝပြောပြီး လူ့အခွင့်အရေး လေးစားလိုက်နာသော အနာဂတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံတော်ကို ဖန်တီးချင်သည့် ဆန္ဒပြကျောင်းသားများ၏ အိပ်မက်ကို အကောင်အထည်ဖော်ဆောင်နိုင်ဖို့ ကူညီရန်အတွက် ရာထူးလက်ခံရန် ဆုံးဖြတ်ခဲ့ကြောင်း သတင်းထောက်များကို ပြောကြားခဲ့သည်။

ယခုအစီရင်ခံစာတွင် ဘင်္ဂလားဒေ့ရှ် အသွင်ကူးပြောင်းရေး အစိုးရအတွက် ယခင်အစိုးရက လစ်လျူရှုခဲ့သော ဒုက္ခသည်စခန်းများရှိ ရိုဟင်ဂျာများအပေါ် နှစ်ပေါင်းများစွာ ပြောင်ပြောင်တင်းတင်း ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုများအကြောင်း အထောက်အထား စာတမ်းများနှင့် နိုင်ငံတွင်းရှိ ရိုဟင်ဂျာဒုက္ခသည်များအတွက် အကာအကွယ်နှင့် တရားမျှတမှု တိုးတက်ကောင်းမွန်လာစေရန် အသေးစိတ် အကြံပြုချက်များ ဖော်ပြထားပါသည်။

* * *

၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်တွင် မြန်မာစစ်တပ်က မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာ အမျိုးသမီး၊ အမျိုးသား၊ ကလေး စုစုပေါင်း ၇ သိန်းခန့်ကို ၎င်းတို့ နေအိမ်မှ စွန့်ခွာရန် ရက်ရက်စက်စက် အတင်းအဓမ္မ နှင်ထုတ်ပြီးနောက်ပိုင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ခိုလှုံရန် ကြိုးစားသည့် ရိုဟင်ဂျာလူဦးရေသည် တစ်သန်းနီးပါး တိုးလာခဲ့သည်။ ရိုဟင်ဂျာ လက်နက်ကိုင် အဖွဲ့များ ပေါ်ပေါက်လာခြင်းကို အကြောင်းပြကာ စစ်တပ်သည် ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာ အရပ်သားများကို လူမျိုးတုံး သတ်ဖြတ် တိုက်ခိုက်မှုကျူးလွန်ခဲ့ကြောင်း ထင်ရှားပါသည်။ အထူးသဖြင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရဲတပ်ဖွဲ့ဝင်များနှင့် စစ်တပ်အခြေစိုက်စခန်းများကို ရိုဟင်ဂျာလက်နက်ကိုင်များ ဝင်ရောက်တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့မှုကို အကြောင်းပြ၍ မြန်မာစစ်တပ်က "နယ်မြေ ရှင်းလင်းရေးစစ်ဆင်ရေး" ကို ဖော်ဆောင်ခဲ့ပြီး ရိုဟင်ဂျာအသိုင်းအဝိုင်းအပေါ် အစုလိုက်အပြုံလိုက် ရက်စက်ကြမ်းကြုတ်မှုများကို ယနေ့ထိ ဆက်လက်ကျူးလွန်လျက်ရှိသည်။

၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်တိုက်ခိုက်မှုများမှ စတင်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် ရိုဟင်ဂျာလက်နက်ကိုင်များသည် ပိုမိုအင်အားတောင့်တင်းလာပြီး ခြိမ်းခြောက်မှုများရှိလာကာ မြန်မာစစ်တပ်ကို တိုက်ခိုက်မည့်ဟန်ဖြင့် ရိုဟင်ဂျာစခန်းတွင် နေထိုင်သည့် ဒုက္ခသည်အရပ်သားများအား မိမိတို့ထံ သစ္စာခံရန် တောင်းဆိုခဲ့ကြသည်။ သို့သော်လည်း အဖွဲ့ဝင်များ၊ ဒုက္ခသည်များနှင့် တွေ့ဆုံမေးမြန်းမှုများအရ ၎င်းတို့သည် မြန်မာစစ်တပ်အား ဆန့်ကျင်နေရာမှ ရိုဟင်ဂျာအရပ်သားများအပေါ် ကျူးလွန်မှုများကို ဆထက်တပိုး တိုးကာ ပြုလုပ်ရာတွင် ပါဝင်သည့် ရက္ခိုင့်တပ်တော်အား တန်ပြန်တိုက်ခိုက်ရန်အတွက် မြန်မာစစ်တပ်နှင့် မဟာမိတ်များဖွဲ့သည့်အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

လက်နက်ကိုင်အဖွဲ့များ လက်ချက်ဟု ယူဆရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းများရှိ ရိုဟင်ဂျာ ဒုက္ခသည်များ သတ်ဖြတ်ခံရမှုများသည် တစ်နှစ်ပြီး တစ်နှစ် ဆက်တိုက် ဖြစ်ပွားနေဆဲဖြစ်ပြီး လက်နက်ကိုင်များက စခန်းများ၌ ၂၀၂၁ ခုနှစ်တွင် ၂၂ ယောက်၊ ၂၀၂၂ ခုနှစ်တွင် ၄၂ ယောက်၊ ၂၀၂၃ ခုနှစ်တွင် အနည်းဆုံး ၉၀ ယောက်နှင့် ၂၀၂၄ ခုနှစ်တွင် ၆၅ ယောက်ထက်မနည်း သတ်ဖြတ်ခဲ့သည်။

ထိုသတ်ဖြတ်ခံရသူများထဲမှ တစ်ဦးမှာ မြန်မာနိုင်ငံရှိ လူမျိုးတုံးသတ်ဖြတ်မှုမှ လွတ်မြောက်လာသူတစ်ဦး ဖြစ်သည့် လူအများ လေးစားချင်ခင်ရသော ရိုဟင်ဂျာအသိုင်းအဝိုင်းမှ ဆရာ၊ ဖခင်နှင့် ကဗျာဆရာ မိုဟာမတ် ဖိုင်ဆယ်လ် (Mohammad Faisal) ဆိုသူဖြစ်သည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် မိုဟာမတ် ဖိုင်ဆယ်လ်သည် လက်နက်ကိုင်များ အုပ်ချုပ်မှုအောက်ရှိ ဒုက္ခသည်စခန်းများတွင်နေထိုင်ရသည်ကို ကြောက်ရွံ့ကြောင်း Facebook တွင် ကဗျာတစ်ပုဒ်တင်ခဲ့သည်။

အမှောင်ထုရောက်လာရင်

အကြောက်တရားက ပါလာတယ်

ငါ မီးကိုကြောက်တယ်

ငါ ဓားပြတွေကို ကြောက်တယ်

အလင်းပေါက်လို့ နေ့ရောက်လာပြန်ရင်

ပြန်ပေးဆွဲသူတွေကို

ငါ ကြောက်ရပြန်တယ်

...

သေနတ်သံတွေကြားနေရသည်။

သုံးရက်အကြာ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ ည ၇ နာရီ မှ ည ၈ နာရီကြားတွင် အမည်မသိ ရိုဟင်ဂျာ လက်နက်ကိုင်များသည် မိုဟာမတ် ဖိုင်ဆယ်လ်ကို ဒုက္ခသည်စခန်း အမှတ် (၄) မှ ဖမ်းဆီးခေါ်ဆောင်သွားပြီး ပစ်သတ်ခဲ့သည်။ Fortify Rights သည် ယခုစာကို ရေးနေချိန်ထိ ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များက မိုဟာမတ်၏ အသတ်ခံရမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှု တစုံတရာ ဆက်လက်ပြုလုပ်နေကြောင်းကို မကြားသိရပါ။

ပြိုင်ဘက် ရိုဟင်ဂျာ လက်နက်ကိုင် အဖွဲ့နှစ်ဖွဲ့ ဖြစ်သည့် အာရ်ကန် ရိုဟင်ဂျာ ကယ်တင်ရေး တပ်မတော် (ARSA) နှင့် ရိုဟင်ဂျာ စည်းလုံးညီညွတ်ရေးအဖွဲ့ (RSO) တို့သည် ဘင်္ဂလားဒေ့ရှ်တွင် လှုပ်ရှားနေသော အဓိက ကျသည့် ရိုဟင်ဂျာအုပ်စုများ ဖြစ်ကြပြီး နှစ်ဖွဲ့လုံးက သတ်ဖြတ်မှုများကို ကျူးလွန်ခဲ့ကြသည်။ ဘင်္ဂလားဒေ့ရှ် ထောက်လှမ်းရေး အစီရင်ခံစာတွင် ARSA အဖွဲ့ဝင်အဖြစ် ဖော်ပြထားသော လက်နက်ကိုင်ဆောင်ထားသောရို ဟင်ဂျာ လက်နက်ကိုင် များသည် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့ ညလယ်၌ Balukhali ဒုက္ခသည် စခန်းရှိ စခန်း အမှတ် (၁၈) တွင်ရှိသော အစ္စလာမ်ဘာသာရေး စာသင်ကျောင်းတစ်ခုဖြစ်သည့် မဒရာဆာ (madrasa) တစ်ခုတွင် လူခြောက်ဦးကို သတ်ဖြတ်ပြီး အခြားသူများကို ညှဉ်းပန်း နှိပ်စက်ခဲ့သည်။

သတ်ဖြတ်မှုဖြစ်စဉ်များအတွင်း မဒရာဆာတွင်ရှိနေသော အစ္စလာမ့်ဘာသာရေးခေါင်းဆောင် မော်လဝီ (mullah) တစ်ဦးက Fortify Rights အား ဤသို့ပြောကြားခဲ့သည်။

> "သူတို့ ကျွန်တော်တို့ကို လာတိုက်တဲ့အချိန် ကျွန်တော်က မဒရာဆာရဲ့ အခန်းထဲမှာ။ မဒရာဆာကို တိုက်ဖို့ သူတို့ ရောက်လာတဲ့အချိန်က မနက် ၄ နာရီဆိုတော့ အားလုံးက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာနဲ့ စစချင်းမှာ ဘာဖြစ်နေမှန်း မသိခဲ့ဘူး။ မဒရာဆာထဲကို ဝင်လာတဲ့သူတွေမှာ ဓားတွေ၊ တုတ်တွေနဲ့ သေနတ်တွေ ပါတယ်။ သူတို့က ကျောင်းထဲ ဝင်လာပြီး သူတို့ရဲ့ သေနတ်တွေဖောက်ပြီးတော့ ကျောင်းသားတွေကို ပစ်သတ်ခဲ့တာ။ ကျည်ဆန်မှန်တဲ့သူမှန်သမျှ လဲကျပြီး သေသွားတာပဲ။ ဆရာ သုံးယောက်နဲ့ ကျောင်းသား သုံးယောက် အသတ်ခံခဲ့ရတယ်။"

ထိုစီးနင်းတိုက်ခိုက်မှုတွင် သတ်ဖြတ်ခံရသူတစ်ဦး၏ ဆွေမျိုးလည်းဖြစ်၊ မျက်မြင်တွေ့ခဲ့ရသူ တစ်ဦးလည်းဖြစ်သည့် ရိုဟင်ဂျာ အမျိုးသားတစ်ဦးက Fortify Rights သို့ အောက်ပါအတိုင်း ပြောကြားခဲ့သည်။

> "လက်ထဲမှာ ဓားမြှောင်တွေ၊ ဓားရှည်တွေ၊ တုတ်တွေ၊ ပစ္စတိုတွေ ကိုင်ထားတဲ့ ယောကျ်ားတွေကို ကျွန်တော် တွေ့ခဲ့တယ်။ သူတို့ [လက်နက်ကိုင်များ] ရဲ့ လူသတ်မစ်ရှင် ပြီးသွားတော့ မြေကြီးပေါ်မှာ သတ်ခံထားရတဲ့ အလောင်းခြောက်လောင်းကို တွေ့ခဲ့တယ်။ ကျွန်တော် သူ့ [ဆွေမျိုးဖြစ်သူ] အလောင်းကိုလည်း ကျွန်တော် မြင်ခဲ့ရတယ်။ သွေးတွေဆိုတာ နေရာအနှံ့မှာပဲ မြင်ခဲ့ရတာဗျာ။"

၂၀၂၁ ခုနှစ် အောက်တိုဘာလ တိုက်ခိုက်မှုတွင်လည်း လက်နက်ကိုင်များသည် ရိုဟင်ဂျာ ဒုက္ခသည်စခန်း အတွင်းရှိ အစ္စလာမ်ဘာသာရေး စာသင်ကျောင်းတစ်ခုဖြစ်သည့် မဒရာဆာ အပြင်ဘက်တွင် ရိုဟင်ဂျာ ဒုက္ခသည်များကို ရိုက်နှက်ပြီးညှဉ်းပန်းနှိပ်စက်ခဲ့သည်။ ဥပမာအားဖြင့် ARSA အဖွဲ့ဝင်ဟုယုံကြည်ရသော အမျိုးသားများသည် ရိုဟင်ဂျာအမျိုးသား၏ ဘယ်ဘက်လက်မှ လက်ချောင်းနှစ်ချောင်းကိုဖြတ်တောက်ခဲ့ သည်။



ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ဘဇားခရိုင်တွင် ARSA ၏ ဖမ်းဆီးခေါ်ဆောင်မှု၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် ခြေထောက်နှင့်လက်များ အပိုင်းပိုင်းပြတ်တောက်မှုမှ အသက်မသေပဲ ရှင်သန်လွတ်မြောက်ခဲ့သည့် အသက် ၂၃ နှစ်အရွယ် ရိုဟင်ဂျာအမျိုးသားတစ်ဦး။ သူနှင့် သူ့မိသားစုသည် မကြာသေးမီကပင် တတိယနိုင်ငံသို့ ပြောင်းရွှေ့အခြေချနေထိုင်ခဲ့ကြသည်။ ©Saiful Huq Omi, Counter Foto, 2024

“သူတို့က ကျွန်တော့် လက်ချောင်းနှစ်ချောင်းကိုဖြတ်ပြီးတော့ ကျွန်တော့်ခေါင်းကို ရိုက်ကြတယ်။ နောက်တော့ ကျွန်တော့်ကို သေပြီထင်ပြီး ထားခဲ့ကြတယ်” ဟု အဆိုပါအမျိုးသားမှ Fortify Rights အား ပြောကြားခဲ့သည်။

မဒရာဆာကို တိုက်ခိုက်မှု အပြီးနောက် ဘင်္ဂလားဒေ့ရှ် ရဲတပ်ဖွဲ့က အနီးပတ်ဝန်းကျင်တွင် လုံခြုံရေးကင်းလှည့် ပေးခဲ့သည်။ သို့သော် ဘင်္ဂလားဒေ့ရှ် ရဲတပ်ဖွဲ့၏ ကင်းလှည့်မှုများသည် ARSA ၏ ဆက်လက်ခြိမ်းခြောက် နေမှုများကို မတားဆီးနိုင်ခဲ့ပေ။

“မင်း ရဲတွေနဲ့ အတူရှိနေတုန်းတော့ ထမင်းဝအောင်စားထား၊ သူတို့သွားပြီဆိုတာနဲ့ မင်းလည်းသေပြီပဲ ဆိုပြီးတော့ ခုထိ ကျွန်တော် [ARSA] ခြိမ်းခြောက်တာ ခံနေရတုန်းပဲ၊ ကျွန်တော် အချိန်မရွေး သတ်ခံရနိုင်တယ်လို့ ခံစားရတယ်” ဟု မဒရာဆာ တိုက်ခိုက်မှုမှ အသက်ရှင်ကျန်ရစ်သူတစ်ဦးက Fortify Rights သို့ပြောကြားခဲ့သည်။

ရိုဟင်ဂျာ ဘာသာရေးခေါင်းဆောင်များစွာနှင့် လူ့အခွင့်အရေးကာကွယ်သူများ၊ ဒုက္ခသည်စခန်းများရှိ လက်နက်ကိုင်များ၏ အုပ်ချုပ်မှုကို လက်မခံလိုကြသော သူများသည် ယခုအစီရင်ခံစာ၏ ခေါင်းစဉ်အတိုင်းပင် “အချိန်မရွေး အသတ်ခံရနိုင်တယ်” ဟု ခံစားနေကြရသည်။

ရိုဟင်ဂျာ လက်နက်ကိုင်အဖွဲ့များ၏ သတ်ဖြတ်မှုများသည် စခန်းတွင်းတွင် ဥပဒေမဲ့ ဖြစ်ပွားနေပြီး စခန်းရှိနေထိုင်သူ အားလုံးအတွက် စိုးရိမ်မှုများ မြင့်တက်စေသည်။ သတ်ဖြတ်မှုများအပြင် ယခုအစီရင်ခံစာသည် ဘင်္ဂလားဒေ့ရှ်တွင် လှုပ်ရှားနေသော အဓိက လက်နက်ကိုင် ရိုဟင်ဂျာအုပ်စုများဖြစ်သည့် ARSA နှင့် RSO တို့၏ ညှဉ်းပန်းနှိပ်စက်မှု၊ ပြန်ပေးဆွဲမှုနှင့် အခြားရာဇဝတ်မှုများကိုလည်း မှတ်တမ်းတင်ထားပါသည်။

အထူးသဖြင့် ကြောက်မက်ဖွယ်ရာကောင်းသော ဥပမာတစ်ခုအနေဖြင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ARSA သည် အသက် ၂၃ နှစ်အရွယ် ရိုဟင်ဂျာအမျိုးသားတစ်ဦးကို ပြန်ပေးဆွဲကာ ညှဉ်းပန်းနှိပ်စက်ပြီး အပိုင်းပိုင်း ဖြတ်တောက်၍ သေအောင် ဒုက္ခသည်စခန်းတွင် တစ်ယောက်တည်း ပစ်ထားခဲ့သည်။ သို့သော် လည်း ထိုသူမှာ အသက်ရှင်ကျန်ရစ်ခဲ့သည်။

“သူတို့က ကျွန်တော့ခြေထောက်ကို အရင်ဖြတ်တာ၊ ကျွန်တော့ခြေထောက်က အရိုးကို ဓားကြီးနဲ့ ဖြတ်နေတဲ့ အသံကိုတောင် ကျွန်တော်ကြားရတယ်” ဟု သူက Fortify Rights သို့ ပြောခဲ့သည်။

> “ကျွန်တော့ကိုလွှတ်ပေးပါဗျာ။ ဆရာတို့တောင်းဆိုတာ မှန်သမျှ လုပ်ပေးပါ့မယ်လို့ ကျွန်တော် သူတို့ကို ပြောခဲ့တယ်။ သူတို့ကပြောတယ်။ ငါတို့မင်းကို ဘယ်တော့မှ မလွှတ်ပေးဘူး။ မင်းကိုသတ်မှာ။ ဘာလို့လဲ ဆိုတော့ မင်းက အမြဲတမ်း NGO တွေနဲ့ ဘင်္ဂလားဒေ့ရှ် အာဏာပိုင်တွေဆီ ငါတို့အကြောင်း သွားသွား တိုင်လို့ပဲ ဆိုပြီးပြောတယ်။ သူတို့က ကျွန်တော့ကို နာရီဝက်လောက် ကြာအောင် ဖြတ်ခဲ့တာ၊ ကျွန်တော့ လက်မောင်းကလည်း တံတောင်ဆစ် အပေါ်ကနေ ဖြတ်ခံခဲ့ရတယ်။ ကျွန်တော့ကို စစ်တကောင်းဆေးရုံကို ပို့ခဲ့ကြတယ်” ဟု ဆက်လက် ပြောကြားခဲ့သည်။

သတင်းမီဒီယာများ၏ ဖော်ပြချက်များ၊ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် အစီရင်ခံစာများနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းများတွင် ရိုဟင်ဂျာ လက်နက်ကိုင်များ ကျူးလွန်ခဲ့သော ညှဉ်းပန်းနှိပ်စက်မှု မှတ်တမ်းများ ရှိနေသော်လည်း အဆိုပါ ချိုးဖောက်မှုများနှင့် ပတ်သက်၍ ထိုလက်နက်ကိုင် အဖွဲ့များမှ အများယွင်းများအတွက် တာဝန်မရှိကြောင်း လူသိရှင်ကြား ငြင်းဆိုထားသည်။ ဥပမာအားဖြင့် ၂၀၁၇ ခုနှစ်တွင် ARSA ၏ စစ်ဦးစီးချုပ် Atta Ullah Abu Ammar Jununi က “အပြစ်မဲ့အရပ်သားတွေအပေါ် ရက်စက်ကြမ်းကြုတ်မှုတွေ၊ အကြမ်းဖက်မှုတွေနဲ့ တရားလက်လွတ် စီရင်မှုတွေက [ARSA] ရဲ့ ဥပဒေသ ဒါမှမဟုတ် မူဝါဒမှာ မရှိပါဘူး” ဟုပြောကြားခဲ့သည်။ ထို့အပြင် ရိုဟင်ဂျာလူ့အခွင့်အရေးကာကွယ်သူနှင့် ဒုက္ခသည် အသိုက်အဝန်းရှိ ခေါင်းဆောင် မိုဟာစ်ဘုလ္လာ [Mohib Ullah] သတ်ဖြတ်ခံရမှုအပါအဝင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းများရှိ အကြမ်းဖက်မှုဖြစ်ရပ်များအတွက်လည်း ARSA မှ တာဝန်မရှိကြောင်း ငြင်းဆိုထားသည်။

ယခုအစီရင်ခံစာကို ပြင်ဆင်ရန်အတွက် Fortify Rights မှ တွေ့ဆုံမေးမြန်းခဲ့သည့် ARSA အကြီးတန်း ခေါင်းဆောင်တစ်ဦးသည် ရိုဟင်ဂျာဒုက္ခသည်များအပေါ် သတ်ဖြတ်ခြင်း၊ မုဒိမ်းကျင့်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ငွေညှစ်ခြင်းနှင့် အခြား ညှဉ်းပန်းအနိုင်ကျင့်မှုများတွင် ARSA ပါဝင်ပတ်သက်မှုများရှိခဲ့ကြောင်းကို ဝန်ခံခဲ့သည်။ သူကပင်ဆက်၍ ထိုညှဉ်းပန်း နှိပ်စက်၊ အကြမ်းဖက်မှုများအတွက် တာဝန်ရှိသည့် အဖွဲ့ကို စုံစမ်းဖော်ထုတ်ပြီး

အပြစ်ပေးပြီးဖြစ်ကြောင်းနှင့် နောင်တွင် ထပ်မဖြစ်အောင် တားဆီးပြီး ဖြစ်ကြောင်း အခိုင်အမာ ပြောကြားခဲ့သော်လည်း ထိုသို့ စုံစမ်းဖော်ထုတ်ခဲ့ကြောင်း၊ အပြစ်ပေးခဲ့ကြောင်း သက်သေတစုံတရာကိုတော့ ထုတ်ဖော်ပြခဲ့ခြင်း မရှိပါ။

> "ARSA ခေါင်းဆောင်တချို့ ကတော့ သူတို့ ARSA မှာ ခေါင်းဆောင်ဖြစ်နေတုန်း ကျုပ်တို့လူတွေကို ငွေညှစ်တာတော့ ရှိခဲ့လိမ့်မယ်။ သူတို့က ငွေညှစ်၊ လူသတ် နောက် အနိုင်ကျင့် ညှဉ်းပန်းနှိပ်စက်ခဲ့တာပေါ့။ ကျုပ်တို့လို အကြီးပိုင်း ခေါင်းဆောင်တွေဆီ အဲ့လူတွေရဲ့ အဖွဲ့အစည်းနာမည်ခံပြီး လုပ်နေတဲ့ လုပ်ရပ်တွေ အကြောင်း လာတိုင်ကြတဲ့အခါကျတော့ ကျုပ်တို့က စုံစမ်းဖော်ထုတ်တယ်။ ကျူးလွန်တဲ့သူတွေကိုလည်း သူတို့ လုပ်ခဲ့တဲ့ ပြစ်မှုတွေအတွက် အပြစ်ပေးပြီးပြီ။ သူတို့ ပြန်ပေးဆွဲတာ၊ မုဒိမ်းကျင့်တာ၊ လူသတ်တာ တွေကို ကျုပ်တို့ သိသွားတော့ သူတို့ကို ဖယ်ရှားခဲ့ပြီးပါပြီ" ဟု သူက Fortify Rights ကိုပြောသည်။

၂၀၂၁ ခုနှစ် စက်တင်ဘာလမှ စ၍ Fortify Rights သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ လက်နက်ကိုင်ဆောင်နေသော ရိုဟင်ဂျာ လက်နက်ကိုင်အဖွဲ့များ၏ ညှဉ်းပန်းနှိပ်စက်မှုများအကြောင်းကို လူ ၁၁၆ ဦးအား တွေ့ဆုံမေးမြန်းခဲ့သည်။ ထိုအင်တာဗျူးများသည် ယခု အစီရင်ခံစာ၏ အခြေခံပင် ဖြစ်သည်။ Fortify Rights ကို ဖြေကြားပေးခဲ့သူများ ထဲတွင် ရိုဟင်ဂျာဒုက္ခသည်များ၊ ကုလသမဂ္ဂအရာရှိများ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး လုပ်သားများ၊ လက်ရှိ ARSA, RSO နှင့် ယခုအချိန်တွင် ပျောက်ကွယ်သွားပြီ ဖြစ်သော ရိုဟင်ဂျာမျိုးချစ်တပ်ဦး (Rohingya Patriot Front) တို့မှ လက်ရှိအဖွဲ့ဝင်များနှင့် အဖွဲ့ဝင်ဟောင်းများ ပါဝင်သည်။

ARSA သည် မူလက "ယုံကြည်ရာအတွက် လှုပ်ရှားမှု" ဟု အဓိပ္ပာယ်ရသည့် "Harakh al Yaqin" အဖွဲ့အနေဖြင့် လူသိများခဲ့ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်းက မြန်မာနိုင်ငံ၊ မောင်တောမြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရဲကင်းစခန်း ၃ ခုကို တိုက်ခိုက်ခဲ့ကာ ရဲတပ်ဖွဲ့ဝင် ၉ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ နောက်ပိုင်းတွင် သူတို့သည် သူတို့ကိုယ် သူတို့ ARSA အဖြစ် အမည်ပြောင်းတပ်ကာ ရိုဟင်ဂျာများ၏ အခွင့်အရေးအတွက် လူမျိုးစု အမျိုးသားရေးတိုက်ပွဲကို ဦးဆောင်ရန်ဟု ကြွေးကြော်ခဲ့သည်။

RSO သည် သက်တမ်းအကြာဆုံး ရိုဟင်ဂျာ လက်နက်ကိုင်အဖွဲ့များထဲမှ တစ်ဖွဲ့ဖြစ်သော်လည်း ဆယ်စုနှစ်များစွာ ကြာအောင် အဆက်ပြတ်နေခဲ့ပြီးနောက် လူ့အသက်များစွာကို သေစေခဲ့သည့် မြန်မာစစ်တပ်၏ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှု နောက်ပိုင်းတွင် RSO သည် ARSA နှင့် အာဏာ စပြိုင်ဆိုင်လာခဲ့သည်။ သူတို့နှစ်ဖွဲ့လုံးသည် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ လက်နက်ကိုင်ပဋိပက္ခ တိုက်ပွဲများတွင် ပါဝင်ခဲ့သည်။ သို့သော်လည်း အဆိုပါအဖွဲ့များမှ အဖွဲ့ဝင်များနှင့် တွေ့ဆုံမေးမြန်းမှုများအရ သူတို့၏ သစ္စာခံမှုသည် မြန်မာစစ်တပ်ကို ပြန်တိုက်ခိုက်ရန်မှ မြန်မာစစ်တပ်နှင့် ပူးပေါင်းပြီး ရိုဟင်ဂျာအရပ်သားများအပေါ် ညှဉ်းပန်းအနိုင်ကျင့်မှုများ ပိုမိုကျူးလွန်လာနေသည့် ရက္ခိုင့်တပ်တော်ကို တန်ပြန်တိုက်ခိုက်ရန် အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

ဘင်္ဂလားဒေ့ရှ် အစိုးရသည် ဒုက္ခသည်ပေါင်း တစ်သန်းကျော်အတွက် နယ်စပ်ကို ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံတွင် လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်သူများအား သည်ဂိဂ်မြို့ (The Hague) ရှိ နိုင်ငံတကာ တရားရုံး (ICJ) နှင့် နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) တွင် တာဝန်ခံစေရန်အတွက် ချီးကျူးလောက်စရာ ကြိုးစားအားထုတ်မှုများ ရှိသော်လည်း ရိုဟင်ဂျာ ဒုက္ခသည်များကိုမူ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း လှုပ်ရှားသွားလာခြင်းကို တင်းတင်းကြပ်ကြပ် ကန့်သတ်ထားသည့်အပြင် လူဦးရေ အလွန်များပြားကာ အရင်းအမြစ် မလုံလောက်သော ဒုက္ခသည်စခန်းများတွင် နေထိုင်ရန် ကန့်သတ်ချုပ်ချယ်ထားသည်။ ဝန်ကြီးချုပ်ဟောင်း ရှိတ်ဟာဆီနာ အစိုးရအဖွဲ့၏ ရိုဟင်ဂျာ ဒုက္ခသည်များ လွတ်လပ်စွာ သွားလာခွင့်ကို ငြင်းပယ်ရန် ဆုံးဖြတ်ချက်သည် မသိမသာ ဖျက်လိုဖျက်ဆီး လုပ်လိုသောအကျိုးဆက်များ ရှိခဲ့သည်။ အယူအဆမှားယွင်းနေသော မူဝါဒများကြောင့် ရိုဟင်ဂျာများသည် ရှင်သန်ရပ်တည်ရေးနှင့် ၎င်းတို့၏ အခြေအနေအပေါ် ထိန်းချုပ်မှုရရှိရန် နည်းလမ်းများ ရှာဖွေနေစဉ် စခန်း များတွင် ရာဇဝတ်မှုများနှင့် လက်နက်ကိုင်လှုပ်ရှားမှုများ မြင့်တက်လာခြင်းများ ဖြစ်ပေါ်လာစေခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ယာယီအစိုးရသစ်သည် ပြဿနာများသော ယခင်မူဝါဒဟောင်းများကို ဒုက္ခသည်များ၏ အခွင့်အရေးကို ကူညီပံ့ပိုးပေးမည့် မူဝါဒအသစ်များဖြင့် အစားထိုးသင့်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ယခင်အစိုးရသည် ဒုက္ခသည်များကို လက်နက်ကိုင်အဖွဲ့များ၏ အုပ်ချုပ်မှုနှင့် အကြမ်းဖက်မှုမှ ကာကွယ်ပေးရန် ပျက်ကွက်ခဲ့သည့်အပြင် ဒုက္ခသည်များကို ကာကွယ်ပေးရန် တာဝန်ရှိသည့် ကုလသမဂ္ဂ အေဂျင်စီဖြစ်သော ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) သည်လည်း ဒုက္ခသည်များ

အပေါ် လက်နက်ကိုင်များ၏ ခြိမ်းခြောက်မှုများကို တုံ့ပြန်ရာတွင် နှောင့်နှေးနေခဲ့သည်။ ထို့အပြင်၊ ယခင်အစိုးရ လက်ထက်တွင် ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များသည် UNHCR ၏ လုပ်ငန်းဆောင်တာများကို ပြင်းပြင်ထန်ထန် ကန့်သတ်ချုပ်ကိုင်ထားခဲ့သည်။ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ

ဒုက္ခသည်များ၏ အသက်များကို ဆက်လက် ကယ်တင်နေသေးသော်လည်း ယခု အစီရင်ခံစာတွင် မှတ်တမ်းတင်ထားသည့် အခြေအနေများတွင်မူ အေဂျင်စီမှ သင့်လျော်သော လုပ်ဆောင်မှုများ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းနှင့် ချို့ယွင်းမှုများရှိခဲ့ပြီး စုံစမ်းစစ်ဆေးမှုများ ထပ်မံလုပ်ဆောင်ရမည် ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာဒုက္ခသည်များကို ကာကွယ်ပေးရန်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များအကြား ပိုမိုကောင်းမွန်သော ညှိနှိုင်းဆောင်ရွက်မှုများ လုပ်ဆောင်ရန်နှင့် နိုင်ငံတကာအဖွဲ့အစည်းများအား ၎င်းတို့၏ လူသားချင်းစာနာထောက်ထားမှုနှင့် ကာကွယ်ပေးရေးတာဝန်များကို ဆောင်ရွက်ခွင့်ပြုရန် ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များအနေဖြင့် လိုလိုလားလား ခွင့်ပြုရန် လိုအပ်ပါသည်။

လက်နက်ကိုင်များ၏ ခြိမ်းခြောက်မှုကို ခံနေရသည့် ရိုဟင်ဂျာဒုက္ခသည်များကို ကာကွယ်ပေးရာတွင် UNHCR သည် UNHCR ၏ ထောက်ပံ့မှုနှင့် ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များ ပူးပေါင်းဆောင်ရွက်နေသည့် “အကူးအပြောင်းစခန်းများ” (transit centers) အပေါ် မှီခိုနေရသည်။ UNHCR ၏ စီမံကိန်းစာရွက်စာတမ်း အရ UNHCR နှင့် ဘင်္ဂလားဒေ့ရှ်အစိုးရတို့သည် အစပိုင်းတွင် အသစ်ရောက်ရှိလာသည့် ဒုက္ခသည်များအား နှစ်ရက်မှ ငါးရက်ခန့်သာ ယာယီနေရာချထားရန်အတွက် ထိုအကူးအပြောင်းစခန်းများကို ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ လက်တွေ့တွင်မူ ဒုက္ခသည်များသည် မကြာခဏဆိုသလိုပင် လိုအပ်သည့် ပစ္စည်းကိရိယာများ မပြည့်စုံသည့် ထိုအကူးအပြောင်းစခန်းများတွင်ပင် လပေါင်းများစွာမှ နှစ်ပေါင်းများစွာထိပင် ချို့တဲ့စွာ နေထိုင်နေကြရသည်။ Fortify Rights မှ မှတ်တမ်းတင်ထားသည့် အကြာဆုံးဖြစ်ရပ်တစ်ခုတွင် လက်နက်ကိုင် အဖွဲ့များ၏ အသက်အန္တရာယ်ခြိမ်းခြောက်မှုကြောင့် ၂၀၂၃ ခုနှစ်မှစ၍ အကူးအပြောင်းစခန်းတစ်ခုတွင် ပိတ်မိနေခဲ့သည့် ဒုက္ခသည်တစ်ဦးပါဝင်ပါသည်။ အဆိုပါ စခန်းများသည် ရေရှည်နေထိုင်ရန်အတွက် သင့်လျော်အောင် ပြင်ဆင်ထားခြင်းမရှိဘဲ မလုံလောက်သော အရင်းအမြစ်များနှင့် လူဦးရေ အလွန်အမင်း များပြားထူထပ်နေကာ လွတ်လပ်စွာသွားလာခွင့်နှင့် မိသားစုဝင်များနှင့် တွေ့ဆုံခွင့်များကိုလည်း ကန့်သတ်ခံနေရကြောင်း စခန်းရှိ ဒုက္ခသည်များက Fortify Rights သို့ သက်သေခံခဲ့သည်။ အကူးအပြောင်း စခန်းများတွင် ပိတ်မိနေသည့် ရိုဟင်ဂျာဒုက္ခသည်များအပေါ် ထိန်းချုပ်ကန့်သတ်ထားမှုများသည် ဒုက္ခသည်များ၏ စိတ်ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေခဲ့သည်။


ARSA အဖွဲ့၏ နားကပ် ဆွဲဖြုတ်ခြင်းကို ခံရပြီး နားရွက်များ စုတ်ပြဲသွားရသည့် ရိုဟင်ဂျာ အမျိုးသမီးတစ်ဦး။ ၂၀၂၄ ခုနှစ် ကော့ဘဇားခရိုင်တွင် ဖမ်းဆီး ခေါ်ဆောင်သွားခံရသော ခဲအိုဖြစ်သူအား ပြန်ရွေးရန်အတွက် ARSA အဖွဲ့မှ သူမ မိသားစုထံမှ ငွေကြေးကောက်ခံခဲ့သည်။ ©Saiful Huq Omi, Counter Foto, 2024

* * *

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လှုပ်ရှားနေသော ရိုဟင်ဂျာ လက်နက်ကိုင် အဖွဲ့အစည်းများသည် မြန်မာပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများတွင်လည်း ပါဝင်ပတ်သက်နေသည်။ ၎င်းတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဒုက္ခသည်များအား ပြန်ပေးဆွဲပြီး မြန်မာပြည်တွင် အတင်းအကျပ် စစ်တိုက်ခိုင်းသည့် ပြစ်မှုများအတွက် တာဝန်ရှိနေပါသည်။ ထိုကဲ့သို့သော လုပ်ရပ်များသည် စစ်ဥပဒေများကို ချိုးဖောက်ခြင်းဖြစ်ပြီး စုံစမ်းစစ်ဆေးခံရသင့်သည်။

မြန်မာစစ်တပ်နှင့်အတူ တိုက်ခိုက်ပေးရန် ၂၀၂၄ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရိုဟင်ဂျာ လက်နက်ကိုင်အဖွဲ့၏ ဖမ်းဆီး ခေါ်ဆောင်မှုကို ခံခဲ့ရပြီး မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးခံခဲ့ရသည့် အသက် ၁၇ နှစ်အရွယ် ရိုဟင်ဂျာ ဒုက္ခသည်တစ်ဦးမှ Fortify Rights သို့ ပြောပြသည်။

> “ကျွန်တော် လက်ဖက်ရည် သောက်နေတုန်းကော်ဖီဆိုင်ကို လူ ၇ ယောက်လောက် ရောက်လာတယ်။ သူတို့က ကျွန်တော့်ကို သေနတ်နဲ့ ချိန်တယ်။ မျက်လုံးကို အဝတ်စည်းပြီးတော့ လက်မောင်းနဲ့ ခြေထောက်တွေကို ကြိုးနဲ့ချည်တယ်။ နောက်တော့ ကျွန်တော့်ကို မြန်မာပြည်ဘက် ခေါ်လာတယ်။ အဲဒီနောက်မှာတော့ ကျွန်တော့်ကို မြို့သူကြီး BGP [နယ်ခြားစောင့်ရဲတပ်ဖွဲ့] ဌာနချုပ် [ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်] ကို ခေါ်သွားခဲ့ပါတယ်။”

အခြားဥပမာတစ်ခုအနေဖြင့် ညည်းပန်းနှိပ်စက်မှုနှင့် ခြိမ်းခြောက်မှုတို့မှ အသက်ရှင်ကျန်ရစ်သူ ရိုဟင်ဂျာတစ်ဦးသည် Fortify Rights သို့ ပြောကြားခဲ့သည်မှာ -

> “ARSA က ခေါင်းဆောင်တစ်ယောက် အပါအဝင် ငါးယောက်ပေါ့။ ကျွန်တို့လေးယောက်က ခေါင်းဆောင်ရဲ့အမိန့်ကို နာခံရတယ်။ သူတို့ကပြောတယ် မင်း ငါတို့နဲ့ပူးပေါင်းရမယ်တဲ့။ ကျွန်တော်ကလည်း ပြောတာပေါ့ မလုပ်ပါနဲ့ ဆရာရယ် ကျွန်တော့်မှာ မိန်းမနဲ့ ကလေးတွေ ရှိပါတယ်။ ကျွန်တော်ဆရာတို့အတွက် အလုပ်လုပ်ပေးလို့ မရဘူးပေါ့။ သူတို့က ပြောတယ် မင်းမိန်းမနဲ့ ကလေးတွေကိုထားခဲ့ပြီး ငါတို့နဲ့ လာပူးပေါင်း၊ မြန်မာပြည်ကို လွတ်မြောက်အောင် လုပ်နိုင်ပြီဆိုတဲ့ အချိန်ကျ မင်းမိသားစုကို မြန်မာပြည် ပြန်ခေါ်လို့ရပြီ ဆိုပြီး ပြောတယ်။ ပြီးတော့ မင်းငါတို့နဲ့ မပူးပေါင်းရင် မင်းကို ငါတို့သတ်မယ်လို့လည်း သူတို့ကပြောတယ်။ ပြီးတော့ သူတို့က ကျွန်တော့်ကို ကြိုးတွေတုပ်ပြီးတော့ ရေချိုးခန်းထဲမှာ ပိတ်ထားခဲ့တာ” ဟူ၍ ဖြစ်သည်။

လက်နက်ကိုင်များသည် သူ့ကို ရက်ပေါင်းများစွာကြာအောင် ဆက်လက်နှိပ်စက်ခဲ့ပြီး မြန်မာပြည်တွင်း တိုက်ပွဲများတွင် သူတို့ဘက်မှ ဝင်ရောက်တိုက်ခိုက်ရန် ဖိအားပေးခဲ့သည်။

မြန်မာနိုင်ငံရှိ လက်နက်ကိုင်ပဋိပက္ခများအပေါ် ကျင့်သုံးနေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကြားနေရေးမူဝါဒသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းလိုက် လှုပ်ရှားမှုများအား စစ်ရာဇဝတ်မှုများအတွက် တာဝန်ခံစေခြင်းမှ ကာကွယ်ပေးနိုင်မည် မဟုတ်ပါ။ ထို့အပြင် ICC သည် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာ နှစ်နိုင်ငံလုံးတွင် ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် စီရင်ပိုင်ခွင့်ကို သတ်မှတ်ပြီးဖြစ်ကာ ARSA နှင့် အလားတူအဖွဲ့များမှ ကျူးလွန်လာနိုင်သည့် ကြမ်းကြုတ်သည့် ရာဇဝတ်မှုများကို ထည့်သွင်းစဉ်းစားရန်ပါ ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ဥပမာအားဖြင့် ၂၀၁၉ ခုနှစ်တွင် [နိုင်ငံတကာရာဇဝတ်ခုံရုံး] အစိုးရရှေ့နေချုပ်ဟောင်းသည် “တရားရုံးတော်အနေဖြင့် ARSA က ကျူးလွန်တယ်လို့ စွပ်စွဲထားတဲ့ အကြမ်းဖက်မှု အရေအတွက်ကို သိထားခဲ့ပါတယ်” ဟုပြောကြားခဲ့ပြီး၊ “ထိုစွပ်စွဲချက်များကို မြန်မာနိုင်ငံနှင့် ARSA အကြား လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားခဲ့သည် ဟူသော စွပ်စွဲချက်များနှင့်အတူ ဆက်လက်သုံးသပ်သွားမည်” ဟု ဖော်ပြခဲ့သည်။ ထို့ကြောင့် ဤအစီရင်ခံစာတွင် မှတ်တမ်းတင်ထားသော ပြစ်မှုများသည် တရားရုံး၏ အာရုံစိုက်မှုခံခဲ့ရပါသည်။

ဤအစီရင်ခံစာတွင် ဘင်္ဂလားဒေ့ရှ် အကူးအပြောင်းကာလအစိုးရ၊ ကုလသမဂ္ဂအေဂျင်စီများ၊ အလှူရှင်အစိုးရများနှင့် အစိုးရလက်နက်ကိုင်အဖွဲ့မဟုတ်သည့် ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့များအတွက် အသေးစိတ် အကြံပြုချက်များ ပါဝင်သည်။

အရေးကြီးဆုံးအနေဖြင့် အန္တရာယ်ကြုံတွေ့နေရသော ရိုဟင်ဂျာဒုက္ခသည်များကို လုံခြုံသည့် အိမ်နေရာထိုင်ခင်းများ အပါအဝင် လုံခြုံစိတ်ချရသည့် နေရာများ ဖန်တီးပေးရေး၊ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်၊ အသက်မွေး ဝမ်းကျောင်းခွင့်နှင့် ပညာသင်ယူခွင့်များကို ပေးအပ်ရန် ဘင်္ဂလားဒေ့ရှ် ယာယီ အစိုးရအား Fortify Rights မှ အကြံပြုထားပါသည်။ အကူးအပြောင်းကာလအစိုးရသည် ဘင်္ဂလားဒေ့ရှ်သို့ လာရောက်ခိုလှုံသည့် ရိုဟင်ဂျာများအားလုံးကို ကာကွယ်ပေးရန်နှင့် မြန်မာနိုင်ငံသို့ ပြန်ပို့ခြင်းများကို ရပ်တန့်ရန် ၎င်း၏ နယ်ခြားစောင့်တပ်များအား အမိန့်ထုတ်သင့်ပါသည်။ ရိုဟင်ဂျာများသည် ရခိုင်ပြည်နယ်ရှိ လူမျိုးတုန်းသတ်ဖြတ်မှုများနှင့် ဖြစ်ပွားနေဆဲဖြစ်သော လက်နက်ကိုင်ပဋိပက္ခများ ပြင်းထန်လာမှုကြောင့် အသက်ဘေးမှ လွတ်မြောက်ရန် ဆက်လက် ထွက်ပြေးနေရဆဲဖြစ်ပြီး ဒုက္ခသည်များအနေဖြင့် ၎င်းတို့အတွက် အသက်အန္တရာယ်ရှိနေသည့် နိုင်ငံသို့ အတင်းအဓမ္မ ပြန်ပို့ခြင်း မခံရသင့်ပါ။

ရိုဟင်ဂျာများအတွက် နိုင်ငံတကာ အသိုင်းအဝိုင်းများ အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအား လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပံ့ပိုးပေးသင့်ပြီး အန္တရာယ် ပိုကျရောက်နိုင်ချေရှိသူများကို ဦးစားပေးမည့် တတိယနိုင်ငံသို့ပြောင်းရွှေ့နေရာချထားရေး အစီအစဉ်များကို တိုးမြှင့် လုပ်ဆောင်ပေးသင့်ပါသည်။

# နည်းလမ်းဆိုင်ရာ စည်းစနစ် လုပ်ဆောင်ချက်များ

၂၀၂၁ ခုနှစ် စက်တင်ဘာလမှ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းတွင် Fortify Rights သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာဒုက္ခသည်များ၊ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာအရပ်သားများ၊ ရိုဟင်ဂျာလက်နက်ကိုင်များ၊ ကုလသမဂ္ဂ အရာရှိများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်သားများနှင့် လက်ရှိဖြစ်ပွားနေသည့် အကြမ်းဖက်မှုများ ကျူးလွန်နေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာများ ဦးဆောင်သော လက်နက်ကိုင်များအပါအဝင် လူ ၁၁၆ ဦးကို တစ်ဦးချင်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။ Fortify Rights သည် အာရ်ကန် ရိုဟင်ဂျာ လွတ်မြောက်ရေး တပ်မတော် (ARSA)၊ ရိုဟင်ဂျာ စည်းလုံးညီညွတ်ရေး အဖွဲ့ (RSO) တို့၏ အဖွဲ့ဝင်ဟောင်းများ၊ လက်ရှိအဖွဲ့ဝင်များနှင့် ရိုဟင်ဂျာ မျိုးချစ်တပ်ဦး မှ အဖွဲ့ဝင်ဟောင်းတစ်ဦးတို့ကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

Fortify Rights သည် ဘင်္ဂလားဒေ့ရှ် စစ်တပ်မှ ပြုစုထားသော ဒုက္ခသည်စခန်းများရှိ လက်နက်ကိုင်များ၏ လှုပ်ရှားမှုများအကြောင်း မှတ်တမ်းအပါအဝင် ယခုဖြုတ်ချခံရသော ရှိတ်ဟာစီနာ အစိုးရထံမှ ပေါက်ကြားလာသော ဘင်္ဂလားဒေ့ရှ် အစိုးရ၏ စာရွက်စာတမ်းနှစ်ခုကိုလည်း ခွဲခြမ်းစိတ်ဖြာလေ့လာခဲ့သည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက် တွင် Fortify Rights နှင့် တွေ့ဆုံရန်တောင်းဆိုသောစာတစ်စောင်အား ဘင်္ဂလားဒေ့ရှ် ယာယီအစိုးရ အကြံပေး ပါမောက္ခ မူဟာမတ် ယူနွတ်စ် ၏ ရုံးသို့ ပေးပို့ခဲ့သည်။ Fortify Rights သည် ဤစာတမ်းကိုရေးနေစဉ်တွင် အကြောင်းပြန်ခြင်းတစ်စုံတစ်ရာလက်ခံရရှိခြင်း မရှိပါ။

Fortify Rights သည် ယခုအစီရင်ခံစာတွင် မှတ်တမ်းတင်ထားသော ဖြစ်ရပ်များစွာတွင် ပါဝင်သော ကျူးလွန်သူများ၏ အုပ်စုဆက်နွယ်မှုကို သီးခြားစီစစ်ပြီး ဖြစ်သော်လည်း ထိုအဖွဲ့များ သည် လျှို့ဝှက်စွာ လှုပ်ရှားလုပ်ကိုင်နေသည့်အပြင် ARSA, RSO သို့မဟုတ် အခြားရိုဟင်ဂျာ လက်နက်ကိုင်အဖွဲ့များအောက်တွင် လှုပ်ရှားနေသည့် တစ်ဦးချင်းစီကို ခွဲခြားသိမြင်ရန် အသက်ရှင်လွတ်မြောက်လာသူများ နှင့် မျက်မြင်သက်သေများ အတွက် စိန်ခေါ်မှုများရှိနေသည့်အတွက် ဖြစ်စဉ်တိုင်းကိုမူ ခွဲခြားစီစစ်နိုင်ခြင်းမရှိပါ။ လက်နက်ကိုင်များသည် ညအမှောင်အောက်တွင် ယူနီဖောင်းများမပါပဲ မျက်နှာဖုံးများစွပ်ကာ မည်သည့်အဖွဲ့အစည်းက ဖြစ်ကြောင်း ဖော်ထုတ်ခြင်းမပြုဘဲ မကြာခဏဆိုသလို လှုပ်ရှားကြသည်။

Fortify Rights သည် ရိုဟင်ဂျာလူမျိုးများကို ရိုဟင်ဂျာဘာသာစကားဖြင့် အင်တာဗျူးများကို ပြုလုပ်ခဲ့ပြီး တချိန်ထဲတွင် အင်္ဂလိပ်ဘာသာဖြင့် အဓိပ္ပါယ် ပြန်ခဲ့သည်။ ယခုအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းသူတိုင်းသည် ၎င်းတို့၏ သက်သေခံချက်များကို အများပြည်သူလူထုဆီ ချပြမည်ဖြစ်ကြောင်း ရှေးဦးစွာကပင် သိရှိ၊ နားလည်သဘောပေါက်၍ သဘောတူခွင့်ပြုပြီးဖြစ်သည်။ ယခု အစီရင်ခံစာအတွက် အင်တာဗျူးဖြေသူ တစ်ဦးတစ်ယောက်မှ အခကြေးငွေ တစုံတရာ မရရှိဘဲ အင်တာဗျူး၏ ရည်ရွယ်ချက်၊ သဘောသဘာဝနှင့် မည်သို့အသုံးပြုမည်ကို ထိုသူ အားလုံးအား အသိပေး၊ ခွင့်တောင်းပြီးသား ဖြစ်သည်။ အချို့သော အခြေအနေများတွင် Fortify Rights သည် အင်တာဗျူးခံရသူများအား လုံခြုံသောနေရာများမှ အင်တာဗျူးတွင် ပါဝင်နိုင်စေရန် အတွက် အနည်းဆုံး ခရီးသွားကုန်ကျစရိတ်ကိုသာ ပံ့ပိုးပေးထားပါသည်။

လုံခြုံရေး အကြောင်းကိစ္စများကြောင့် Fortify Rights သည် ယခုအစီရင်ခံစာတွင် ဖော်ပြထားသော မျက်မြင်သက်သေများနှင့် အသက်ရှင်ကျန်ရစ်သူအားလုံး၏ အမည်များကို ချန်လှပ်ထား သို့မဟုတ် ပြောင်းလဲခဲ့ပါသည်။ ထိုသူများအပေါ် ကျူးလွန်နိုင်ခံရချေရှိသော လက်စားချေမှုများမှ ကာကွယ်ရန်အတွက် Fortify Rights သည် အမှန်တကယ်ဖြစ်ပွားခဲ့သော ရက်စွဲများ၊ အခင်းဖြစ်ပွားရာနေရာများနှင့် သေဆုံးသူများ၊ နစ်နာသူများ၊ ရှင်သန်လွတ်မြောက်လာသူများနှင့် မျက်မြင်သက်သေများ၏ တော်စပ်ပုံကိုလည်း ပြောင်းလဲ၊ ချန်လှပ်ထားပါသည်။

စုံစမ်းစစ်ဆေးမှုအတွင်း Fortify Rights သည် ရိုဟင်ဂျာဒုက္ခသည်အများအပြားကို ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး သို့မဟုတ် အခြားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် အကာအကွယ်ပေးရေးအရာရှိများထံ လွှဲပြောင်းပေးခဲ့ပြီး ရိုဟင်ဂျာလက်နက်ကိုင်အုပ်စုများ၏ ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရသော ရိုဟင်ဂျာဒုက္ခသည်များအတွက် အကာအကွယ်ပေးမှုများကို ဆက်လက်လုပ်ဆောင်ရန် ကူညီဆောင်ရွက်ပေးခဲ့သည်။




ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ဘဇားခရိုင်ရှိ ဒုက္ခသည်စခန်းမှ ရိုဟင်ဂျာလက်နက်ကိုင်များ၏ ပြန်ပေးဆွဲခြင်းကို ခံခဲ့ရသော အမျိုးသား၏ ဇနီးမယားဖြစ်သူ ရိုဟင်ဂျာအမျိုးသမီးတစ်ဦး။ အဆိုပါအမျိုးသားဖြစ်သူ၏ အလောင်းကို နောက်ပိုင်းတွင် သူမ ခိုလှုံရာစခန်းဆီ ပြန်ပို့ခဲ့သည်။ လက်နက်ကိုင်များ သတ်ဖြတ်ခဲ့စဉ်က အမျိုးသားဖြစ်သူသည် အသက် ၂၅ နှစ်ရှိပြီ ဖြစ်သည်။ ©Saiful Huq Omi, Counter Foto, 2024




ကော့ဘဇားခရိုင်တွင် ရိုဟင်ဂျာ
လက်နက်ကိုင်များ၏ အကြိမ်ပေါင်းများစွာ
ရိုက်နှက်ခြင်းခံခဲ့ရသော သားဖြစ်သူ၏ မိခင်
ရိုဟင်ဂျာအမျိုးသမီးတစ်ဦး။ ©Saiful Huq
Omi, Counter Foto, 2024


# မြေပုံ - ဘင်္ဂလားဒေ့ရှ်ရှိ ရိုဟင်ဂျာဒုက္ခသည်စခန်းများတွင် ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့များ၏ လှုပ်ရှားမှုများ (၂၀၂၃ ခုနှစ် ဇန်နဝါရီလ - ၂၀၂၄ ခုနှစ် နိုဝင်ဘာလ)







## July 2024




*Internal data collected by a humanitarian organization, 2024*

## August 2024




*Internal data collected by a humanitarian organization, 2024*

## November 2024





*Internal data collected by a humanitarian organization, 2024*

# ကော့ဘဇားခရိုင်တွင် ရိုဟင်ဂျာလက်နက်ကိုင်များနှင့် ရာဇဝတ်မှုကျူးလွန်သည့် အဖွဲ့များမှ ကျူးလွန်ခဲ့သည့် ပြစ်မှုဖြစ်စဉ်များ (၂၀၂၂ ခုနှစ် - ၂၀၂၄ ခုနှစ်)

















Source: Data triangulated from Fortify Rights interviews, open-source media monitoring (2021–2024), internal humanitarian monitoring, and Joint Protection Monitoring Reports (Jan–Dec 2024), Cox's Bazar Protection Sector.

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ဘဇားခရိုင်တွင် ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့များ အရေးယူခြင်းမခံရပဲ ကျူးလွန်ခဲ့သည့် သတ်ဖြတ်မှုများ၊ ပြန်ပေးဆွဲမှုများ၊ ညှဉ်းပန်းမှုနှင့် အခြားသော လူမဆန်သည့် အကြမ်းဖက်မှုများနှင့်ပတ်သက်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာ ဒုက္ခသည်များ၊ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာ အရပ်သားများ၊ ရိုဟင်ဂျာ လက်နက်ကိုင်များ၊ ကုလသမဂ္ဂ အရာရှိများ၊ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပေးသူများနှင့် အခြားသူများကို အင်တာဗျူးထားသည့် စုစုပေါင်း အင်တာဗျူး ၁၁၆ ခုကို အခြေခံထားသော "ကျွန်ုပ် အချိန်မရွေး အသတ်ခံရနိုင်တယ်" - ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာ ဒုက္ခသည်များအပေါ် ရိုဟင်ဂျာ လက်နက်ကိုင်အဖွဲ့များ၏ သတ်ဖြတ်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားပြင်းထန်သော ချိုးဖောက်မှုများ ဟုခေါ်သည့် အစီရင်ခံစာတွင် တင်ပြထားပါသည်။

ဤအစီရင်ခံစာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ယခင်အစိုးရ ဖြစ်သော ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ၏ လက်ထက်က အာဏာပိုင်များသည် ဘင်္ဂလားဒေ့ရှ်ရှိ ရိုဟင်ဂျာ ဒုက္ခသည် များကို ဤအကြမ်းဖက်အဖွဲ့များ၏ ရန်မှ ကာကွယ်ပေး ရာတွင် အဓိကကျသည့် အားနည်းချက်များ ရှိခဲ့ကြောင်း ဖော်ပြထားပါသည်။ ဤအစီရင်ခံစာတွင် ဘင်္ဂလားဒေ့ရှ် အကူးအပြောင်းကာလအစိုးရအတွက် ယခင်အစိုးရမှ လစ်လျူရှုခဲ့သော ဒုက္ခသည်စခန်းများရှိ ရိုဟင်ဂျာများအပေါ် နှစ်ပေါင်းများစွာ ပြောင်ပြောင်တင်းတင်း ကျူးလွန်ခဲ့သော ရက်စက်ကြမ်းကြုတ်မှုများအကြောင်း အထောက်အထား စာတမ်းများနှင့် နိုင်ငံတွင်းရှိ ရိုဟင်ဂျာဒုက္ခသည်များအတွက် အကာအကွယ်နှင့် တရားမျှတမှု တိုးတက်ကောင်းမွန်လာ စေရန် အသေးစိတ် အကြံပြုချက်များ ဖော်ပြထားပါသည်။



FORTIFY RIGHTS